Message Two

# သုံးပါးတစ်ပါးဘုရား၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း ဖြစ်လာခြင်း

ဖတ်ရန်ကျမ်း။ ။ ရော၊၁၅း၁၃။ ၁၄း၁၇။ ယော၊၁၅း၄၊ ၁၁။ ဂလ၊၅း၂၂

## I. သုံးပါးတစ်ပါးဘုရားသည် ဝမ်းမြောက်ခြင်း၏ဘုရားသခင် ဖြစ်သည်။

A. ရော၊၁၅း၁၃ ၌ "ယခုတွင် မျှော်လင့်ခြင်းအရှင် ဘုရားသခင်သည် ဝမ်းမြောက်ခြင်းနှင့် ငြိမ်သက်ခြင်းကို သင်တို့၌ ဖြည့်ပေးတော်မူပါစေသော"ဟု ဖော်ပြထားသည်။

1. ဤသည်မှာ ဝမ်းမြောက်ခြင်းသည် ဘုရားသခင်၏ဂုဏ်အင်္ဂါများမှ တစ်ခုဖြစ်ကြောင်း ညွှန်ပြသည်။
2. ဘုရားသခင်သည် မွေ့လျော်ဝမ်းမြောက်ခြင်း၏ ဘုရားသခင်ဖြစ်သည်။
3. ကျွန်ုပ်တို့၏တွေ့ကြုံခံစားမှု၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျေးဇူးတော်အဖြစ် မွေ့လျော်ပါက၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိကြလိမ့်မည်ဖြစ်ပြီး၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိသောအခါ၊ ဝမ်းမြောက်ခြင်းလည်း ရှိကြလိမ့်မည်ဖြစ်သည်။

B. ခရစ်တော်သည်လည်း ယုံကြည်သူတို့အဖို့ ဝမ်းမြောက်ခြင်းဖြစ်သည်။

1. ယော၊၁၅း၁၁ ၌ သခင်ဘုရားက "သင်တို့၌ ငါ၏ဝမ်းမြောက်ခြင်း တည်စေခြင်းငှာလည်းကောင်း၊ သင်တို့၏ဝမ်းမြောက်ခြင်း စုံလင်စေခြင်းငှာလည်းကောင်း၊ ဤစကားကို သင်တို့အား ငါဟောပြော၏"ဟု ပြောဆိုခဲ့သည်။
2. ဤကျမ်းပိုဒ်၏ စကားစပ်မှာ စပျစ်နွယ်ပင်နှင့် အကိုင်းအခက်များဆိုင်ရာ သခင်ဘုရား၏စကားတော်ဖြစ်သည်။
3. ကျွန်ုပ်တို့သည် ဘုရားဆိုင်ရာစပျစ်နွယ်ပင်၏ အကိုင်းအခက်များ ဖြစ်ခြင်းမှာ ဝမ်းမြောက်ခြင်း၏အကြောင်းအရာ - ဝမ်းမြောက်ခြင်းနှင့် ပြည့်သောအသက်တာ ဖြစ်သည်။
4. ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းသည် သခင်ဘုရား၌ ကျွန်ုပ်တို့တည်နေခြင်းမှ၊ ကိုယ်တော်၏မေတ္တာတော်၌ ကျွန်ုပ်တို့ တည်နေခြင်းမှ အမြဲတမ်း လာသည်။
5. ဤကဲ့သို့သော အသက်တာ၌ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကြသည်။
6. ဤဝမ်းမြောက်ခြင်းသည် ခရစ်တော်ကိုယ်တော်တိုင်ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ တည်သောအခါ၊ ကိုယ်တော်၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၌ တည်နေပြီး၊ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း အရင်းအမြစ် ဖြစ်လာကာ၊ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို ပြည့်လျှံ၊ စုံလင်စေ၍၊ ကျွန်ုပ်တို့၏နေ့ရက်များကို ဝမ်းမြောက်ခြင်းနှင့် အသက်ရှင်စေသည်။

C. သန့်ရှင်းသောဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းရှိသည်- ရော၊၁၄း၁၇။

1. ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကို မွေ့လျော်ရန်နှင့် ကိုယ်တော်၏ အကြံအစည်တော်အတွက် အသက်ရှင်စေရန် အလိုရှိသည်- နေ၊၈း၁၀။ ဧ၊၃း၁၁။
2. သုံးပါးတစ်ပါးဘုရားသည် ဝမ်းမြောက်ခြင်း၏ဘုရားသခင်ဖြစ်ပြီး၊ တမန်တော်များသည် သန့်ရှင်းသူတို့၏ဝမ်းမြောက်ခြင်းအတွက် သန့်ရှင်းသူတို့နှင့် လုပ်ဖော်ဆောင်ဖက်ချင်းများ ဖြစ်ကြသည်- ရော၊၁၅း၁၃။ ယော၊၁၅း၁၁။ ၁၇း၁၃။ တ၊၁၃း၅၂။ ဂလ၊၅း၂၂။ ၂ကော၊၁း၂၄။ ဖိ၊၁း၂၅။ ၂း၇-၁၈။
3. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏စိတ်နှလုံး၌ သခင်ဘုရား၏စကားတော် ရှိခြင်း၏ ဝမ်းမြောက်ခြင်းကို တွေ့ကြုံခံစားရသည်- ယေ၊၁၅း၁၆။
4. ဘုရားသခင်၏နှုတ်ကပတ်တော်၌ ဖွင့်ပြထားသည့် ချိုမြိန်သော စဉ်းစားခြင်းမှာ ခရစ်တော်၌ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို ကျေးဇူးတော်အဖြစ် ကျွန်ုပ်တို့၏မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်လာရန် ကျွန်ုပ်တို့အား ပေးအပ်တော်မူခြင်းဖြစ်သည်- ယော၊၁း၁၄၊၁၆-၁၇။ ၂ကော၊၁၃း၁၄။
   a. သမ္မာကျမ်းစာ၌ လူနှင့် ဘုရား၏ဆက်နွှယ်မှုကို ပထမဆုံး ရည်ညွှန်းဖော်ပြချက်၌၊ ဘုရားသခင်သည် သူကိုယ်တော်တိုင်ကို လူထံသို့ အစားအစာအဖြစ် တင်ဆက်ထားသည်။ ဤသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်စေရန် အလိုရှိကြောင်း ပြသသည်- က၊၂း၇၊ ၉။ ဆာ၊၁၆း၁၁။ ယေ၊၁၅း၁၆။

b. ဘုရားသခင်၏ အလိုဆန္ဒမှာ ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်လာရန်အလို့ငှာ သူကိုယ်တော်တိုင်ကို ကျွန်ုပ်တို့အား ပေးအပ်ရန် ဖြစ်သည်- နေ၊၈း၁၀။

c. ခရစ်ယာန်အသက်တာ၏လျှို့ဝှက်ချက်မှာ ကိုယ်တော်အတွက် ကျွန်ုပ်တို့ မည်မျှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်ကို ကျွန်ုပ်တို့က မည်မျှ စုပ်ယူခြင်းနှင့် မွေ့လျော်ဝမ်းမြောက်မှုရှိခြင်း ဖြစ်သည်- ယော၊၁၅း၄-၅။ ကော၊၂း၆-၇။

## II. သုံးပါးတစ်ပါးဘုရား၏ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်း ဖြစ်လာသည်။

A. ကိုယ်တော်၏ပုဂ္ဂိုလ်တော်၌ ခရစ်တော်သည် ယုံကြည်သူတို့အဖို့ ဝမ်းမြောက်ခြင်းဖြစ်သည်။

1. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်ရှိမက၊ ကိုယ်တော်၏မေတ္တာ၌တည်ခြင်းဖြင့် ကိုယ်တော်၌တည်ခြင်းကို ဆက်လက်ထိန်းသိမ်းထားမည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်စုံကြလိမ့်မည်- ယော၊၁၅း၁၀-၁၁။
2. သခင်ဘုရားသည် ခရစ်ယာန်အများစု၌ လွဲချော်လျက်ရှိခဲ့သော အကြောင်းအရာများကို ပြန်လည်ရယူနေပြီး၊ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ဤအကြောင်းအရာများထဲမှ အရေးအကြီးဆုံးအရာများမှ တစ်ခုဖြစ်သည် - ၁ပေ၊၁း၈။
3. သခင်ဘုရားကို စားသုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းသည် ယော၊၆း၅၇ အပေါ်တွင် အခြေခံထားသည်။
4. ခရစ်ယာန်အသက်ရှင်ခြင်းသည် တစ်နေ့ပြီးတစ်နေ့ သခင်ဘုရားကို စားသုံးခြင်း၊ သောက်သုံးခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း အသက်တာဖြစ်သည် - ယော၊၆း၅၇။ ၁ကော၊၁၀း၄။
5. ကျွန်ုပ်တို့သည် သစ္စာရှိသော၊ ပုံမှန်ဖြစ်သော၊ သင့်လျော်မှန်ကန်သော ခရစ်ယာန်များဖြစ်ရန်အလို့ငှာ ကျွန်ုပ်တို့အဓိကဂရုစိုက်ရန် လိုအပ်သော အကြောင်းအရာမှာ သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့ထံ ရှုပါရုံဖြစ်လာရန် လိုအပ်သည် - သု၊၂၉း၁၈။ တ၊၂၆း၁၉။
6. ကျွန်ုပ်တို့၏ဝိညာဉ်သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ ဦးဆောင်မှုပြုရန် လိုအပ်သည် - ဟေဗြဲ၊၄း၁၂။
   a. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ဝိညာဉ်ကို တိုက်ရိုက်အသုံးပြုရန်နှင့် စိတ်ကို ဝိညာဉ်၏နောက်လိုက်ဖြစ်စေရန် သင်ယူရမည်ဖြစ်သည်။
   b. ကျွန်ုပ်တို့၏ဝိညာဉ်သည် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ စိတ်အားထက်သန်စွာ ဦးဆောင်မှုပြုရမည်။
7. ခမည်းတော်ထံသို့ ကိုယ်တော်၏ဆုတောင်းခြင်း၌ သားတော်က "ယခုတွင် အကျွန်ုပ်သည် ကိုယ်တော်ထံ သွားရမည် ဖြစ်၍၊ ဤသူတို့သည် အကျွန်ုပ်၏ဝမ်းမြောက်ခြင်းကို သူတို့၌ ပြည့်စုံစေမည်အကြောင်း၊ ဤစကားကို ဤလောက၌ အကျွန်ုပ်ပြောပါ၏" ဟု ပြောဆိုခဲ့သည်-ယော၊၁၇း၁၃။
   a. ဝမ်းမြောက်ခြင်းဖြင့် ပြည့်ဝခြင်းသည် စစ်မှန်သော တစ်လုံးတစ်ဝဖြစ်ခြင်း၌ ရှိသည်။
   b. ကျွန်ုပ်တို့သည် ခမည်းတော်၏အသက်အားဖြင့် ခမည်းတော်၏နာမတော်၌ တစ်လုံးတစ်ဝဖြစ်ပြီး၊ ခမည်းတော်ကို အတူတကွ မွေ့လျော်ဝမ်းမြောက်ကြသောအခါ၊ သခင်ဘုရား၏ဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့၌ ပြည့်စုံစေခြင်း ရှိလာသည်- အငယ်၊၁၃။

B. ချစ်တော်မူသောသားတော်၏ နိုင်ငံတော်ဖြစ်သော အသင်းတော်၌ ကျွန်ုပ်တို့သည် ခရစ်တော်ကို ကိုယ်တော်၏အရာအားလုံး ဖြစ်ခြင်းအထိ တွေ့ကြုံခံစားပြီး၊ မွေ့လျော်ဝမ်းမြောက်ကြသည်- ကော၊၁း၁၂-၁၃၊ ၂၇။ ၂း၉၊ ၁၆-၁၇။ ၃း၁၊ ၄၊ ၁၁။

1. ခရစ်တော်သည် ကျွန်ုပ်တို့၏ ခွဲခန့်ထားသောဝေစု၊ ကျွန်ုပ်တို့၏ ကောင်းသောမြေ - ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် ဘုရားဆိုင်ရာအမွေ ဖြစ်သည်- ၁း၁၂။
2. ခရစ်တော်သည် စကြဝဠာ၌ အပြုသဘောဆောင်သော အရာအားလုံး၏ စစ်မှန်ခြင်း ဖြစ်သည်- ၂း၁၆-၁၇။
3. ခရစ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်၌ ထိုင်နေသောအရှင်ဖြစ်သည်- ၃း၁။
4. ခရစ်တော်သည် ကျွန်ုပ်တို့၏ဘုန်းမျှော်လင့်ရာအဖြစ် ကျွန်ုပ်တို့၌ ကိန်းဝပ်တည်နေတော်မူသည်- ၁း၂၇။
5. ခရစ်တော်သည် ကျွန်ုပ်တို့၏အသက်ဖြစ်သည်- ၃း၄။
6. ခရစ်တော်သည် လူသစ်တစ်ဦး၏ပါဝင်ဖွဲ့စည်းမှုဖြစ်သည်- အငယ်၊၁၀-၁၁။

C. ၁ပေ၊၁း၈ အရ ယုံကြည်သူများသည် "ပြော၍မမီနိုင်သော ဘုန်းတော်ပြည့်ဝခြင်းကို ရွှင်လန်းဝမ်းမြောက်ကြသည်။"

1. ဤဝမ်းမြောက်ခြင်းသည် ဘုန်းတော်တည်းဟူသော သခင်ဘုရား၌ နစ်မြုပ်နေသည်။ ထို့ကြောင့် ၎င်းသည် သခင်ဘုရား၏ထင်ရှားခြင်းနှင့် ပြည့်ဝနေသည်။
2. သခင်ဘုရားအထဲသို့ ယုံကြည်ခြင်းနှင့် ကိုယ်တော်ကို ချစ်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကြီးမားသောဝမ်းမြောက်ခြင်း ကို ရရှိကြသည်။
3. ခရစ်ယာန်အသက်တာ၏ ပုံမှန်ဖြစ်သောအခြေအနေမှာ ဘုန်းတော်နှင့်ပြည့်ဝသော ဝမ်းမြောက်ခြင်းရှိရန် ဖြစ်သည်။

D. သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်း၌ များစွာသောသွင်ပြင်များရှိသည်- သခင်ဘုရား၏မျက်မှောက်တော်ကို ဝမ်းမြောက်ခြင်း (ဆာ၊၁၆း၁၁)၊ ဘုရားဆိုင်ရာ အချစ်ဇာတ်လမ်း၌ အသက်ရှင်ခြင်း၏ ဝမ်းမြောက်ခြင်း (သီ၊၁း၁-၄)၊ ဘုရားဆိုင်ရာ သုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးပေးခြင်းကို ဝမ်းမြောက်ခြင်း (၂ကော၊၁၃း၁၄။ ဧ၃း၁၄-၂၁)၊ ဘုရားသခင်၏ ကျေနပ်ခြင်းမြစ်ရေကို သောက်သုံးခြင်း၏ဝမ်းမြောက်ခြင်း (ဆာ၊၄၆း၄က။ ၃၆း၈ခ)၊ ဘုရားသခင်၏မေတ္တာတော်ကို သိကျွမ်းခြင်း၏ဝမ်းမြောက်ခြင်း (ဂလ၊၂း၂၀။ ရော၊၈း၃၈-၃၉)၊ ဘုရားသခင်၏အလိုတော်ကို လုပ်ဆောင်ခြင်း၏ ဝမ်းမြောက်ခြင်း (ဆာ၊၄၀း၈က)၊ တွေ့ကြုံသမျှသောအခြေအနေအားလုံး၌ ရောင့်ရဲမှုရှိခြင်း၏ဝမ်းမြောက်ခြင်း (ဖိ၊၄း၁၁)၊ နိုင်ငံတော်၌ သခင်ဘုရား၏ ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ခြင်း (မ၊၂၅း၃၃) စသည့် သွင်ပြင်များဖြစ်ကြသည်။

E. ခရစ်ယာန်တစ်ဦးသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်သော ပုဂ္ဂိုလ် - ဝိညာဉ်တော်၌ ဝမ်းမြောက်ခြင်းနှင့် ပြည့်ခြင်း ဖြစ်သင့်ပါသည်- ဂလ၊၅း၂၂။
1. ကျွန်ုပ်တို့သည် ကိုယ်တော်၌ ရှိသောအခါ သခင်ဘုရားသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းဖြစ်သည်- ရော၊၁၄း၁၇။
2. ကျွန်ုပ်တို့သည် သခင်ဘုရား၌ တည်နေသောအခါ ကျွန်ုပ်တို့တွင် မည်သို့သော ပြဿနာရှိနေပါစေ ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်ကာ၊ အခက်အခဲတိုင်းသည် သခင်ဘုရားအား ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းကို နက်ရှိုင်းစေပါသည်- ယော၊၁၅း၄။
3. သန့်ရှင်းသောဝိညာဉ်တော်သည် ဝမ်းမြောက်ခြင်း၏ ဝိညာဉ်တော်ဖြစ်သည်- ရော၊၁၄း၁၇။
   a. ကျွန်ုပ်တို့သည် ဝမ်းမြောက်ခြင်းနှင့် ပြည့်သောအခါ၊ ယင်းက ကျွန်ုပ်တို့၌ရှိသော သန့်ရှင်းသောဝိညာဉ်တော်သည် လည်း ဝမ်းမြောက်ခြင်းနှင့်ပြည့်နေကြောင်း ညွှန်ပြသည်- ဂလ၊၅း၂၂။
   b. ကျွန်ုပ်တို့ကို ဝမ်းမြောက်ခြင်းနှင့်ပြည့်စေခြင်းငှာ ပြင်ပ ပတ်ဝန်းကျင်၌ မည်သည့်အရာမျှ မရှိနိုင်ပါ။ သို့သော် ကျွန်ုပ်တို့၌ အသက်ရှင်နေသောသခင်ဘုရားသည် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းဖြစ်သည် - ကော၊၁း၂၇။

© 2023 Living Stream Ministry